မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ (၂၀၁၅)

The Myanmar Red Cross Society Law (2015)

မြန်မာနိုင်ငံကြက်ခြေနီအသင်း နည်းဥပဒေများ (၂၀၁၉)

The Myanmar Red Cross Society Rules (2019)

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်
လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန
၂၀၂၃ ခုနှစ်၊ စောင်ရေ (၁၅၀၀)

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ (၂၀၁၅)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂။)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်)

နှင့်

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

The Myanmar Red Cross Society Law

(The Pyidaungsu Hluttaw Law No. 52, 2015)

The 11th Waxing Day of Wagaung, 1377 M.E.

(26 August, 2015)

And

The Law Amending the Myanmar Red Cross Society Law

(The Phyidaungsu Hluttaw Law No. 18, 2018)

The 9th Waxing Day of First Waso, 1380 M. E.

21 June, 2018

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂။)
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်)
[ပြင်ဆင် : 21.06.2018]

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အသင်း** ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီဗဟို ကောင်စီ ကိုဆိုသည်။

(ဂ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရ အဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာပြည်ထောင်စုအစိုးရကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကြက်ခြေနီအခြေခံမူများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့်လခြမ်းနီ လှူပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက်ဖြစ်သော လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာဝန်ထမ်း အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာ တစ်ဝန်း ပျံ့နှံ့ခြင်းတို့ကိုဆိုသည်။

(ဆ) **ဂျီနီဗာသဘောတူညီချက်များ** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သော သဘောတူညီချက် များကိုဆိုသည်။

(ဇ) **နောက်ဆက်တွဲသဘောတူညီချက်များ** ဆိုသည်မှာ ၁၉၇၇ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲ သဘောတူညီချက် (၁)နှင့်(၂)တို့အပြင် ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ၈ရက် နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲ သဘော တူညီချက်(၃) ကိုဆိုသည်။

(*) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။

The Myanmar Red Cross Society Law

(The Pyidaungsu Hluttaw Law No. 52, 2015)
The 11th Waxing Day of Wagaung, 1377 M.E.
(26 August, 2015)
[Amendment : 21.6. 2018]

The Pyidaungsu Hluttaw hereby enacts this Law.

Chapter I
Title and Definition

1. This Law shall be called **the Myanmar Red Cross Society Law**.

2. The following expressions contained in this Law shall have the meanings given hereunder:

(a) **Society** means the Myanmar Red Cross Society;

(b) **Council** means the Central Council of Red Cross Society formed under this Law;

(c) **State** means the Republic of the Union of Myanmar;

(d) **Government** means the Union Government of the Republic of the Union of Myanmar;

(e) **Ministry** means the Ministry of Health and Sport of the Union Government; (*)

(f) **Fundamental Principles of Red Cross** means humanity, impartiality, neutrality,
independence, voluntary service, unity and universality that are seven Fundamental Principles of the International Red Cross and Red Crescent Movement;

(g) **Geneva Conventions** mean the conventions adopted on 12 August, 1949 in Geneva;

(h) **Protocols** mean the Additional Protocols (I) and (II) adopted on 8 June, 1977 in Geneva and the Additional Protocol (III) adopted on 8 December, 2015 in Geneva.

(*) According to The Law Amending the Myanmar Red Cross Society Law : section 2.

အခန်း(၂)

အသင်း၏ အဆင့်အတန်းနှင့် လုပ်ငန်းတာဝန်များ

၃။ အသင်းသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးသော အသင်း တစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှု နယ်ပယ်တွင် နိုင်ငံတော်၏ အရန် အင်အားဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်။

၅။ အသင်းသည် နိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး ယင်း၏ လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကျက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် နိုင်ငံတကာ နယ်ပယ်တွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆။ အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ ညီလာခံကအတည်ပြုသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု ဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်းလိုက်နာလုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ အသင်းသည် အသင်း၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်း ကင်းရမည်။ ထို့ပြင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။

၈။ အသင်းသည် ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာလမ်းညွှန်ချက်များ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာ အဖွဲ့အစည်းများ၊ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၉။ အသင်းသည် လူမှုကရုဏာလုပ်ငန်း နယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အား အဖြစ် ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ပူးပေါင်း ဆောင်ရွက်ရမည်။

Chapter II

Standard, Functions and Duties of the Society

3. The Society is a society that serves independently in voluntary and the auxiliary strength of the State in humanitarian field.

4. The President is the patron of the Myanmar Red Cross Society.

5. The Society is the sole National Red Cross Society in the State and may stretch out its functions in the entire nation. In addition, it may cooperate similarly in the international arena.

6. The Society shall permanently abide by the Geneva Conventions and the fundamental principles, policies and decisions of the International Red Cross and Red Crescent Movement adopted by the International Conference of Red Cross and Red Crescent in accord with the laws enacted by the State.

7. The Society shall be free from the intervention of other organizations in carrying out its functions. In addition, it shall be free from party politics.

8. The Society shall cooperate with the other social compassionate organizations, the United Nations Organizations and non-Governmental organizations in carrying out the social compassionate works with the same objectives in accord with the relevant guidelines and policies adopted within the Red Cross Movement.

9. The Society shall cooperate to yield the mutual responsibility and benefits in the fields of social compassionate work by performing as the auxiliary strength of the State.

၁၀။ အသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အသင်း၏ လူသားချင်း စာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ပေးနိုင်ရမည်။

၁၁။ အစိုးရအဖွဲ့သည် အသင်း၏စေတနာဝန်ထမ်းဆောင်ရွက်မှုနှင့် လွတ်လပ်သောသဘော သဘာဝကို အလေးထား၍ ရည်ရွယ်ချက်များ အောင်မြင်ရန် အသင်း၏ လုပ်ငန်းဆောင် ရွက်မှုများကို ကူညီထောက်ပံ့ပေးရမည်။

၁၂။ အသင်းသည် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ အသင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏အမည်ဖြင့် တရားစွဲဆို ပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

အခန်း(၃)
အသင်း၏ ရည်ရွယ်ချက်များ

၁၄။ အသင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ နိုင်ငံတော်က အသိအမှတ် ပြုထားသည့် ကြက်ခြေနီအသင်း ဖြစ်သည့် အားလျော်စွာ ဥပဒေနှင့်အညီ အသင်း၏ လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ နိုင်ငံတကာ နယ်ပယ်၌ ဖြစ်စေ ဆောင်ရွက်နိုင်စေရန်၊

10. The Society shall permanently carry out its humanitarian services in accord with the fundamental principles and decisions of the International Red Cross and Red Crescent Movement adopted by the member States at the International Conference of Red Cross and Red Crescent.

11. The Government shall respect the voluntary service and the independent nature of the Society, and provide the functions of the Society to achieve the objectives.

12. The Society has the right to communicate with the relevant Ministries according to the sectoral work through the Union Government in communicating with the Union Government and in performing the social compassionate works.

13. The Society has the right to sue and to be sued in the name of the Society in accord with the provisions of this Law.

Chapter III
Objectives of the Society

14. The objectives of the Society are as follows:

(a) to perform the functions of the Society in the entire nation or the international field in accord with the law because it is the Red Cross Society recognized by the State in line with the Geneva Conventions and their Protocols;

(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေး အယူဝါဒတို့ခွဲခြားခြင်း အလျဉ်း မရှိစေဘဲ မည်သူ့ကိုမဆို ကူညီ စောင့် ရှောက်ရန်၊

(ဂ) လူသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲ စေရေးအတွက် ကြက်ခြေနီ အခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ ပြန့်ပွားရေးတို့ကို မြှင့်တင်ဆောင် ရွက်နိုင်ရန်၊

(ဃ) စစ်မက်ကာလတွင်ဖြစ်စေ၊ ငြိမ်းချမ်းသော ကာလတွင်ဖြစ်စေ ဘေးဒုက္ခကျရောက်သော လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊အခြားသက်ဆိုင်ရာသဘောတူညီချက်များနှင့် ဥပဒေများအရ ကယ်ဆယ်ရေး၊ ဆင်းရဲဒုက္ခ နည်းပါးစေရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(င) အသင်းသည် သဘာဝဘေးအန္တရာယ်များ၊လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့်အခြားအရေးပေါ်ကိစ္စများတွင်အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ရန်၊

(စ) ကျန်းမာရေး၊ ရောဂါဘယကြိုတင်ကာကွယ်တားဆီးရေး၊ လူမှုဝန်ထမ်းလုပ်ငန်း များနှင့် ယင်းတို့အတွက် အသိပညာပေးရေး နယ်ပယ်များတွင် အသင်း၏ အစီ အစဉ်ဖြင့် ပြည်သူများကို ကူညီစောင့်ရှောက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂ ကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် လူသားချင်းစာနာထောက်ထားမှု လိုအပ်နေသည့် အခြေအနေများတွင် ကွဲကွာနေသော ပြည်သူများအကြား မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိရေးအတွက် ထိရောက်သော အမျိုးသားအဆင့် လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန်၊

(ဇ) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များအရအသိအမှတ်ပြုထားသော ကြက်ခြေနီအမှတ်အသားနှင့် အလားတူ အမှတ်တံဆိပ်များကို လွဲမှားစွာ သုံးစွဲခြင်းမှ ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား အများပြည်သူ လေးစားလိုက်နာ စေရေးတို့ကို ရည်ရွယ်၍ အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(b) to assist and protect any person without discriminating the race, religion, color, status, poverty, wealth, sex, language, political belief;

(c) to promote the spread of the Fundamental Principles of the Red Cross and the International Humanitarian Law for improving the mutual friendship and understanding of human beings and peace firmly;

(d) to lay down the plans for rescuing, reducing the hardship, providing humanitarian aid to the vulnerable armed forces and civilians in time of war or peace under the Geneva Conventions, 1949 and their Protocols, other relevant Protocols and Laws;

(e) to participate the Society in the programmes of the national level preparedness and response in natural disasters, man-made disasters and other emergency matters;

(f) to assist and protect the people through the programmes of society in the field of health, prevention of diseases, social welfare activities and such awareness;

(g) to establish the effective national level network for restoring family links between separated people in the situations of humanitarian assistance needed due to armed conflicts, terrorisms, natural or man-made disasters;

(h) to cooperate with the Government aiming to protect the misuse of the Red Cross emblem and similar emblems recognized by the Geneva Conventions and their Protocols, and cause to abide by the International Humanitarian Law to the people;

(ဈ) အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှူပ်ရှားမှု၏ အခြေခံမူများနှင့် စေတနာလုပ်အားရှင် စိတ်ဓာတ်တို့ကို အများပြည်သူများအကြား တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ည) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှူပ်ရှားမှု၏ အခြေခံမူများနှင့်အညီ ကြက်ခြေနီ လှူပ်ရှားမှုများကို ဘက်မလိုက်ဘဲ လွတ်လပ်စွာ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ဋ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆ ဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်း ပညာရပ် ပြန့်ပွားရေးအတွက် အမျိုးသား အဆင့် အစီအမံများ ဆောင်ရွက်ရန်။

အခန်း(၄)
ကြက်ခြေနီလှူပ်ရှားမှုဝင် အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု

၁၅။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှူပ်ရှားမှု၏ အစိတ်အပိုင်း တစ်ခုအနေ ဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင် အနေဖြင့်လည်းကောင်း ထမ်းဆောင်ရမည့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၆။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီ အခြေခံမူများ နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီ လိုအပ်ပါက အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက် ပေးရမည်။

(*) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။

(i) to promote International Humanitarian Law, the Fundamental Principles of the International Red Cross and Red Crescent Movement and volunteer spirit among the people, and to promote the public awareness;

(j) to cooperate with the International Red Cross and Red Crescent Societies in carrying out impartially and independently the Red Cross Movements in
accord with the Fundamental Principles of the International Red Cross and Red Crescent Movement.

(k) to give first aid and psychosocial support for the persons who are injured in armed conflicts, terrorisms, natural or man-made disasters and accidents based on humanity; (*)

(l) to implement national level plans for distribution of first aid education. (*)

Chapter IV
Communication with other Organizations Involved in the Red Cross Movement

15. The Society shall comply with the duties served as a part of the International Red Cross and Red Crescent Movement or a member of the International Federation of Red Cross and Red Crescent Society.

16. In forming the Society or implementing the social compassionate works in accord with the fundamental principles of the Red Cross, if is requires the assistance of Government Department and Government Organizations. it shall be arranged by the Government.

(*) According to The Law Amending the Myanmar Red Cross Society Law : section 3.

အခန်း(၅)

ဖွဲ့စည်းခြင်း

၁၇။ မြန်မာနိုင်ငံ ကြက်ခြေနီ ညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်နှင့် မဲပေး ပိုင်ခွင့် ရှိသည်-

(က) ကောင်စီဝင်များ၊

(ခ) ကောင်စီက အဆိုပြုသောပုဂ္ဂိုလ်များ၊

(ဂ) တိုင်းဒေသကြီး၊ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ ကိုယ်စားလှယ်များ၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကိုယ်စားလှယ်များ၊

(င) ခရိုင်ကိုယ်စားလှယ်များ၊

(စ) မြို့နယ်ကိုယ်စားလှယ်များ၊

(ဆ) အသင်းသားလူငယ်ကိုယ်စားလှယ်များ၊

(ဇ) ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကိုယ်စားလှယ်များ၊

(ဈ) ဌာနဆိုင်ရာကိုယ်စားလှယ်များ။

၁၈။ ကောင်စီကို ညီလာခံက ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေး အဖွဲ့လည်းဖြစ်သည်။ ကောင်စီဝင် ဦးရေကို လိုအပ်ချက်နှင့်အညီ ပြောင်းလဲ တာဝန်ပေးအပ်နိုင်သည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(က) ပြည်ထောင်စုနယ်မြေက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် တစ်ဦး၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်တစ်ဦးစီ၊

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အဆိုပြုသည့် ညွှန်ကြားရေးမှူးချုပ် ရာထူးအောက် မနိမ့်သော ကိုယ်စားလှယ် ၁၃ ဦး၊

(ဃ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှရွေးချယ်တင် မြှောက်သည့် ၁၀ ဦး ထက်မပိုသော ကိုယ်စားလှယ်များ၊

(င) အစိုးရအဖွဲ့က အဆိုပြုသူ ၁၀ ဦး၊

(စ) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပြည်ထောင်စုနယ်မြေ ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ အဆိုပြုသော ကြက်ခြေနီ အသင်းဝင်တစ်ဦးစီ။

Chapter V

Formation

17. The following persons have the right to attend and vote in the Myanmar Red Cross Assembly:

(a) Members of the Council;

(b) Persons proposed by the Council;

(c) Representatives of the Region, States and Union Territory;

(d) Representatives of the Self-Administered Division and Self-Administered Zone;

(e) District Representatives;

(f) Township Representatives;

(g) Youth representatives of the Society;

(h) Representatives of the Red Cross Brigade;

(i) Departmental Representatives.

18. The Assembly shall form the Council. Such Council is the administrative body of the Society. The number of Council member may be changed and assigned in accord with necessity. The Council shall consist of the following persons:

(a) One representative elected by the Union Territory;

(b) One representative elected by the Regions or States respectively;

(c) Thirteen representatives not lower than the rank of Director General proposed by the Ministries related to the Red Cross Movement;

(d) Not more than ten representatives elected by the Civil Social Societies related to the Red Cross Movement;

(e) Ten persons proposed by the Government;

(f) Each member of the Red Cross Society proposed by the Region or State Red Cross Supervisory Committee and the Union Territory Red Cross Supervisory Committee.

၁၉။ (က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်ခြောက်ဦး၊ စုစုပေါင်း အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။ (*)

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယ ဥက္ကဋ္ဌတစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။ (*)

၂၀။ ကောင်စီသည် ကျွမ်းကျင်သူ ပညာရှင်များသာ ဆောင်ရွက်နိုင်သည့် အထူးလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များကို ကောင်စီဝင်များအဖြစ် ဖြည့်စွက်တာဝန်ပေးအပ်နိုင်သည်။

၂၁။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ တာဝန်များသည် မြန်မာနိုင်ငံကြက်ခြေနီ ညီလာခံက ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အသစ်တို့ကို ရွေးချယ်ပြီးသည့်နေ့ရက်တွင် ကုန်ဆုံးသည်။

အခန်း(၆)
မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံ ကြက်ခြေနီ ညီလာခံသည် အသင်း၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ ဖြစ်သည်။

(ခ) မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံသည် အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲ နှင့် အသင်းခွဲငယ်များအားလုံးကို ကိုယ်စားပြုသည်။

(*) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။

19. (a) The Council shall elect the Executive Committee comprising eleven members included five full time members and six part-time mem bers out of members of the Council. (*)

(b) The members of the Executive Committee who are elected under subsection (a) shall elect one Chairperson out of five full time members of the Executie Committee. (*)

20. The Council shall add and assign duty not more than five persons as members of the Council in order to perform all special functions that are able to be performed only by experts.

21. The duties of the Council and the Executive Committee are terminated at the day of the new Council and Executive Committee has been elected by the Myanmar Red Cross Assembly.

Chapter VI
Duties and Powers of the Myanmar Red Cross Assembly

22. The duties and powers of the Myanmar Red Cross Assembly are as follows:

(a) The Myanmar Red Cross Assembly is the supreme authority of the Society;

(b) The Myanmar Red Cross Assembly represents the Society, the Supervisory Committee, branches of the Society and sub-branches of the Society;

(*) According to The Law Amending the Myanmar Red Cross Society Law : section 4.

(ဂ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတွင် ရွေးချယ် တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ဃ) မြန်မာနိုင်ငံ ကြက်ခြေနီ ညီလာခံတွင် ကောင်စီ၏ အစီရင်ခံစာကို အတည်ပြုရမည်။

(င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ ဆုံးဖြတ်ချက်အရ ဤဥပဒေကို ပြင်ဆင်ရန် ရှိပါက ဝန်ကြီးဌာနသို့ တင်ပြရမည်။

(စ) အစည်းအဝေး အစီအစဉ်ပါ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ် တမ်းတင်ခြင်းတို့ ပြု လုပ်ရမည်။

(ဆ) ကောင်စီက တင်ပြသည့် အသင်းနှင့် စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုရမည်။

(ဇ) မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံကို သုံးနှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ၏ ငါးပုံတစ်ပုံက တောင်းဆိုလျှင် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

(ဈ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ တစ်ဦးလျှင် ဆန္ဒမဲ တစ်မဲသာပေးခွင့်ရှိသည်။

အခန်း(၇)
ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။

(ခ) အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှု ပြုရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(c) The Council and Executive Committee shall be elected at the Myanmar Red Cross Assembly in accord with the Election Regulations;

(d) Report of the Council shall be approved at the Myanmar Red Cross Assembly;

(e) If necessary to amend this Law under the decision of the Myanmar Red Cross Assembly, it shall be submitted to the Ministry;

(f) Matters contained in the agenda shall be decided, approved and recorded;

(g) Policies related to the society submitted by the Council shall be approved;

(h) The Myanmar Red Cross Assebmly shall be held once in three years.

The special session of the Myanmar Red Cross Assembly shall be held if at least one-fifth of the total number of persons who are eligible to attend the Myanmar Red Cross Assembly so require;

(i) A person who is eligible to attend the Myanmar Red Cross Assebmly shall have the right to cast only a vote.

Chapter VII
Duties and Powers of the Council

23. The duties and powers of the Council are as follows:

(a) The Council is the administrative body of the Society;

(b) It shall give guidance to perform successfully the objectives of the Society;

(c) It shall elect the Executive Committee;

(ဃ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် နေရာ လစ်လပ်ပါက အဖွဲ့ဝင် အသစ် ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးရမည်။

(င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံက ချမှတ်ပေးသော မူဝါဒများကို အလုပ်အမှုဆောင်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှု ပြုရမည်။

(စ) လိုအပ်ပါက လုပ်ငန်းကော်မတီများကိုဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဆ) နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို စိစစ်အတည်ပြုရမည်။

(ဇ) အသင်း၏ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဈ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းပိုင်ငွေနှင့် ပစ္စည်း ဆုံးရှုံးမှုအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခွင့်ရှိသည်။

(ည) အလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းက ဝယ်ယူမည့် သို့မဟုတ် ထုခွဲရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်မှု ပြုရမည်။

(ဋ) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသား အဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ခွင့်ရှိသည်။

(ဌ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ် ပြုပိုင်ခွင့်ရှိသည်။

(ဍ) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုဆုံးဖြတ်ခွင့်ရှိသည်။

(ဎ) ကောင်စီ အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ ကောင်စီဝင် သုံးပုံတစ်ပုံက တောင်းဆိုလျှင် ကောင်စီ အထူးအစည်းအဝေး ခေါ်ယူ ကျင်းပရမည်။

(ဏ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြလာသော ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်း ကို အတည်ပြုခွင့် နှင့် ပြင်ဆင်ခွင့်ရှိသည်။

(တ) မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကို အသင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂၄။ ကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက်အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

(d) The Council shall elect a new member when a member of the Executive Committee is vacant in accord with the stipulations;

(e) It shall give gudiance to the Executive Committee to implement policies laid down by the Myanmar Red Cross Assebmly;

(f) It shall form the working committees and designate and supervise their functions and duties, if necessary;

(g) It shall scrutinize and confirm the annual budget;

(h) It shall confirm, revise, scrutinize and decide the Financial Regulations of the Society;

(i) It has the right to annul the value from the list for losing money and asset of the Society submitted by the Executive Committee in accord with the Financial Regulations;

(j) It shall scrutinize and decide in respect of the immovable property to be purchased or sold by the Society which is submitted by the Executive Committee;

(k) It has the right to decide conclusively in respect of the acceptance or Refusal or dismissal of the membership of the Society

(l) It has the right to recognize as an honorary member;

(m) It has the right to confirm and decide the organziational structure of the Society;

(n) It shall hold a session of the Council at least once a year. The special session of the Council shall be held if one-third of the Council member so require;

(o) It has the right to approve and revise Election Regulations submitted by the Executive Committee;

(p) It shall form and supervise the Myanmar Red Cross Brigade as part of the Society.

24. The Council shall draft the Rules desirous to enact for accomplishing the matters of this Law and submit it to the Ministry.

အခန်း(၈)

အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) ကောင်စီ၏လမ်းညွှန်ချက်များနှင့်အညီ အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။ (*)

(ဂ) ကောင်စီသို့ တင်ပြမည့် အစည်းအဝေးအစီအစဉ်များကို ရေးဆွဲအတည်ပြုရမည်။

(ဃ) နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။

(င) နှစ်စဉ် ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဆောင်ရွက်ချက်များကို ကောင်စီသို့ တင်ပြ အစီအရင်ခံရမည်။

(စ) အသင်း၏ကိုယ်စား ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့်အတိုင်း ပဋိညာဉ်စာချုပ် ချုပ်ဆိုခွင့်ရှိသည်။

(ဆ) အသင်းက ဝယ်ယူရင်းနှီးထားသော ငွေချေးသက်သေခံ လက်မှတ်များကို ရွှေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

(ဇ) အသင်းသား အမျိုးအစား၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးတို့ကိုကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဈ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်များကိုသတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်းတို့ကိုဆောင်ရွက်ရမည်။

(ည) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့မပြောင်း နိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

(ဋ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်သည့် တန်ဖိုးကို စာရင်းမှပယ်ဖျက်ရန် ကောင်စီသို့တင်ပြရမည်။

(*) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။

Chapter VIII

Duties and Powers of the Executive Committee

25. The duties and powers of the Executive Committee are as follows:

(a) It shall perform the administrative functions of the Society;

(b) It shall supervise activities of different level of the Society in accord with the guidelines of the Council; (*)

(c) It shall draft and approve the meeting agenda to be submitted to the Council;

(d) It shall draft the annual budget and submit it to the Council;

(e) It shall submit the annual financial report and performance to the Council;

(f) It has the right to make the contract in the prescribed manner in respect of receiving and leasing the moveable and immovable property on behalf of the Society;

(g) It shall undertake the redemption, sale and purchase of securities invested by the Society;

(h) It shall identify the types of members, membership fees and annual fees with the approval of the Council;

(i) It shall form the working committees and designate and supervise their functions and duties if necessary;

(j) It shall carry out with the approval of the Council in respect of immovable properties to be purchased or sold by the Society;

(k) It shall submit to the Council to annul the value stipulated in Financial Regulations from the list for the losing money or asset of the Society;

(*) According to The Law Amending the Myanmar Red Cross Society Law : section 5.

(ဌ) လူမှုကရုဏာ လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့်ရှိသည်။ နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံ တင်ပြခွင့်ရှိသည်။

(ဍ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကို လည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်များအတွက် အသင်းခွဲ အမှုဆောင်အဖွဲ့များကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာ ကျောင်း၊ စက်ရုံနှင့် အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကို လည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။ (*)

(ဎ) ပြည်တွင်း ပြည်ပရှိ ရည်ရွယ်ချက် တူညီသော အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခွင့်ရှိသည်။

(ဏ) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ် ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခွင့်ရှိသည်။

(တ) အသင်းဝင်နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်တို့ကို ပြည်ပသို့ စေလွှတ်ခြင်း၊ ပြည်ပမှပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်ခွင့် ရှိသည်။

(ထ) ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းကို ရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။

(ဒ) အသင်း၏ စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူး အဖြစ် ခန့်အပ်ရမည်။ (**)

၂၆။ အလုပ်အမှုဆောင် အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများအတွက် နာယက တင်မြှောက်ခြင်း ကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့်ကောလိပ် အသင်းခွဲများအတွက် နာယက တင်မြှောက်ခြင်း ကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံ ပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံ တင်မြှောက်ခြင်းကိုလည်းကောင်း အတည်ပြုနိုင်သည်။ (***)

(*) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၆ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။
(**) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၇ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။
(***) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၈ အရ ပြင်ဆင်ဖြည့်စွက်ထားပါသည်။

(l) It has the right to award honorary medals and certificates to persons

performing great effort in compassionate works. It has the right to recommend for enabling to award honorary medals and certificates of international level;

(m) It may form and designate the Supervisory Committees for Regions, States, Union Territories, the Self-Administered Zones and Divisions, and Districts; the Executive Committees of branches of the Society for Townships, Universities and Colleges; and the sub-branches of the Society for Towns, Wards, Village-tracts, schools, factories and worksites. (*)

(n) It has the right to communicate with organizations which have the same objectives in local and abroad;

(o) It has the right to decide in respect of the acceptance or refusal or dismissal of the membership of the Society;

(p) It has the right to send the member of the Society and Red Cross Brigade to abroad and invite persons from abroad;

(q) It shall draft the Election Regulations and submit it to the Council.

(r) The head of staff of the Society shall be appointed as a General Secretary to carry out the administrative functions of the Society. (**)

26. The Executive Committee may confirm the election of patrons of the Supervisory Committees for Regions, States, Union Territories, the Self-Administered

Division and Self-Administered Zones and Districts, the election of patrons of branches of the Society for Townships, Universities and Colleges, and the election of persons-in-charge for sub-branches of Towns, Wards, Village-tracts, schools, factories and worksites. (***)

(*) According to The Law Amending the Myanmar Red Cross Society Law : section 6.
(**) According to The Law Amending the Myanmar Red Cross Society Law : section 7.
(***) According to The Law Amending the Myanmar Red Cross Society Law : section 8.

အခန်း(၉)
ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်း

၂၇။ ဝန်ကြီးဌာနသည် အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းနယ်ပယ်များအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သော ရန်ပုံငွေ လျာထားပေးနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၂၈။ အသင်းသည် ရွှေပြောင်းနိုင်သောပစ္စည်းနှင့် မရွှေမပြောင်းနိုင်သောပစ္စည်းများကို လက်ဝယ်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သင့်လျော်သလို စီမံဆောင်ရွက်ခြင်းပြုနိုင်သည်။

၂၉။ အသင်းသည် ထောက်ပံ့ငွေနှင့် အကူအညီများကို ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့များ ထံမှဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်း ထံမှ ဖြစ်စေ လက်ခံ၍ သတ်မှတ်ချက်များနှင့် အညီ သုံးစွဲခွင့်ရှိသည်။

၃၀။ အသင်းသည် ယင်း၏ဝန်ထမ်းများအတွက် သို့မဟုတ် လုပ်ငန်းတစ်ခုခုအတွက် သီးသန့်ရန်ပုံငွေ၊ အာမခံရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေများကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၃၁။ အသင်းသည် အိမ်ခြံမြေများ အပါအဝင် အသင်း၏ ဥပဒေနှင့်အညီ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်း ကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၂။ အသင်းသည် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများ အပေါ် အခွန်ကင်းလွတ်ခွင့် ရရှိစေရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက် ထားနိုင်သည်။

၃၃။ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်း စစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ် စာရင်း စစ်ဆေးခြင်းကို ခံယူရမည်။

Chapter IX
Financial Management

27. The Ministry shall coordinate with the Government for estimating the appropriate fund for enabling to implement the objectives of the Society and activities within the field.

28. The Society may possess, own and manage moveable and immovable properties properly.

29. The Society shall receive contributions and assistance from local and foreign governments, or private or organizations or individual and has the right to use it in accord with the stipulations.

30. The Society may establish and manage the reserve fund, insurance fund or other funds for its staff or any function.

31. The Society may apply for tax exemptions from assets owned in accord with law of the society including real estate, and on the income from activities of fund raising to the relevant Ministry through the Ministry.

32. The Society may apply for tax exemption on donations and properties of the person and organization to the relevant Ministry through the Ministry.

33. The Society shall be annually audited for assets, funds owned by the society, financial matters and work activities in accord with the stipulated Financial Regulations and Work Inspection Regulations.

အခန်း(၁၀)

အသင်း၏အမှတ်အသား၊ အလံနှင့် ရုံးတံဆိပ်

၃၄။ အသင်းသည် ဂျီနီဗာ သဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ ညီလာခံက အတည်ပြုသည့် အမျိုးသားအသင်းများ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက် အားလုံးအတွက် အတည်ပြုသည့် အောက်ပါ ကြက်ခြေနီ အမှတ်အသားကို အသင်းက သုံးစွဲခွင့်ရှိသည်-

၃၅။ အသင်းသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း အဖြူရောင် နောက်ခံပေါ်တွင် ကြက်ခြေနီ အမှတ်အသားနှင့်အတူ ခြင်္သေ့နှစ်ကောင် ကျောချင်းကပ်လျက် ပါဝင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု မြန်မာစာဖြင့် ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့်အလံတို့တွင် အသုံးပြုခွင့်ရှိပြီး ယင်း အမှတ်တံဆိပ်သည် အသင်း၏ မူပိုင်ဖြစ်သည်-

၃၆။ အသင်းသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါ အမှတ်တံဆိပ်ကို အသုံးပြုရမည်-

Chapter X

Emblem, Flag and Official Seal of the Society

34. The Society has the right to use the following emblem of Red Cross for the Geneva Conventions and their Protocols, the provisions relating to the use of emblem of the Red Cross by the National Societies approved by the International Conference of Red Cross and Red Crescent, and all objectives laid down by the International Conference of Red Cross and Red Crescent.

35. The Society has the right to use a logo contained in the red cross emblem together with affixing the back of two lions and written as the Myanmar Red Cross Society in Myanmar Language on the white background as follows in its own logo, official seal and flag, and such logo is the copyright of the society:

36. The Society shall use the following logo in performing the activities.

အခန်း(၁၁)
အထွေထွေ

၃၇။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကောင်စီသည် ဤဥပဒေအရဖွဲ့စည်းသည့် ကောင်စီကို ဖွဲ့စည်းရန်အလို့ငှာ မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်းခေါ်ယူကျင်းပရမည်။

၃၈။ အသင်းသည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒအရ ဖွဲ့စည်းခဲ့သော ကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၃၉။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ထုတ်ပြန်ထားသော နည်း ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၄၀။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အသင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

Chapter XI
Miscellaneous

37. The Council formed under the Myanmar Red Cross Society Act, 1959 shall convene the Myanmar Red Cross Conference within one year after enacting this Law in order to form the Council formed under this Law.

38. The Society shall succeed funds, moveable and immovable properties owned by the Council formed under the Myanmar Red Cross Society Act, 1959, completed works and ongoing works of such Council, rights and liabilities respectively.

39. The Rules, Regulations, Bye-laws, Notifications, Orders, Directives and Procedures issued under the Myanmar Red Cross Society Act, 1959 may be exercised continuously unless and until they are not contrary to this Law.

40. (a) The Ministry may issue Rules, Regulations and By-laws with the approval of the Union Government;

(b) The Society may issue Notifications, Orders, Directives and Procedures in order to carry out the activities contained in this Law.

41. The Myanmar Red Cross Society Act, 1959 (Act No.25, 1959) is hereby repealed by this Law.

မြန်မာနိုင်ငံကြက်ခြေနီအသင်း နည်းဥပဒေများ (၂၀၁၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၈၅ /၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ **နည်းဥပဒေများ**ကို ထုတ်ပြန်လိုက်သည်။

Government of the Republic of the Union of Myanmar

Ministry of Health and Sports

Notification No. 185/2019

(1381, 14th waning day of Tan Saung Mon)

(25th November, 2019)

In exercise of the power conferred by Section 40, sub-section (a) of the Myanmar Red Cross Society Law, Ministry of Health and Sports, with the approval of the Union Government, promulgates the following rules.

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း နည်းဥပဒေများဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေ ရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ကိုဆိုသည်။

(ခ) **ကောင်စီဝင်** ဆိုသည်မှာ ဥပဒေအရ ညီလာခံက ဖွဲ့စည်းထားသည့် ကောင်စီတွင် ပါဝင်သူများကိုဆိုသည်။

(ဂ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဥပဒေအရ ကောင်စီကရွေးချယ် တင်မြှောက် ထားသည့် အလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည်။

(ဃ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည် ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသ၊ ခရိုင်များတွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် ကြက်ခြေနီကြီးကြပ်မှု ကော်မတီကိုဆိုသည်။

(င) **အမှုဆောင်အဖွဲ့** ဆိုသည်မှာ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်တို့တွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် ကြက်ခြေနီအသင်းခွဲ အမှု ဆောင်အဖွဲ့ကို ဆိုသည်။

(စ) **အသင်းခွဲ** ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းခွဲများ ကိုဆိုသည်။

(ဆ) **အသင်းခွဲငယ်** ဆိုသည်မှာ အသင်းခွဲအောက်ရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အလုပ်အမှု ဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် အသင်းခွဲငယ်များ ကိုဆိုသည်။

(ဇ) **စေတနာလုပ်အားရှင်** ဆိုသည်မှာ အသင်း၏ လူမှုကရုဏာလုပ်ငန်းများ ကို ပုံမှန် သို့မဟုတ် အခါအားလျော်စွာ ကာယအားဖြင့်ဖြစ်စေ၊ ဉာဏ အားဖြင့်ဖြစ်စေ စေတနာ့ဝန်ထမ်းဆောင်ရွက်နေသူများ အားလုံးကို ဆို သည်။

Chapter 1

Title and Definition

1. These rules shall be called the Myanmar Red Cross Society Rules.

2. The expressions contained in these rules shall have the meanings as prescribed in the Myanmar Red Cross Law. In addition, the following expressions shall have the meanings given hereunder:

(a) Law means the Myanmar Red Cross Society Law.

(b) Council member means the persons consisting of the Council legally formed by the Assembly.

(c) Executive Committee means the Executive Committee legally elected by the Council.

(d) Supervisory Committee means the Red Cross Supervisory Committee formed by the Executive Committee for the Regions, the States, the Union Territory, the Self-Administered Division, the Self-Administered Zones, and the Districts.

(e) Executive Board means the Executive Board of branch of Red Cross formed by the Executive Committee for the Township, University, and College.

(f) Branch means the branches of the Red Cross Society for the Township, University, and College formed by the Executive Committee.

(g) Sub-branch means the sub-branches formed by the Executive Committee for the Town, Ward, Village-tract, School, Factory, and Worksite under the branch.

(h) Volunteer means those performing regularly or occasionally voluntary service, whether mentally or physically, in carrying out the social compassionate works of the Society.

(စျ) **လူငယ်ကြက်ခြေနီ** ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ အသက် ၁၅ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသည့် အသင်းသားများကိုဆိုသည်။

(ည) **အငယ်တန်းကြက်ခြေနီ** ဆိုသည်မှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရှိ အသက် ၁၀နှစ် ပြည့်ပြီး ၁၅နှစ် မပြည့်သေးသည့် အသင်းသားများကို ဆိုသည်။

(ဋ) **အသင်းသား** ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသားအဖြစ် အသိအမှတ်ပြု လက်ခံထားသူကိုဆိုသည်။

(ဌ) **ဂုဏ်ထူးဆောင်အသင်းသား** ဆိုသည်မှာ အသင်း၏ လူမှုကရုဏာ လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ပစ္စည်းအားဖြင့် ဖြစ်စေ၊ ငွေအားဖြင့်ဖြစ်စေ၊ စေတနာအလျောက် ကူညီခြင်းအတွက် ကောင်စီ၏ အသိအမှတ်ပြုခံရသူကိုဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှု** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အမျိုးသားအသင်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့နှင့် ဖွဲ့စည်းထားပြီး ကြက်ခြေနီ အခြေခံမူများ၊ ဂျီနီဗာသဘောတူညီချက်များ၊ နောက်ဆက်တွဲ သဘောတူညီချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဎ) **ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများ** ဆိုသည်မှာ အသင်း၏ ရည်ရွယ်ချက်အားလုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေတူညီသောပြည်တွင်းရှိအခြားလူမှုအဖွဲ့အစည်းများကိုဆိုသည်။

(ဏ) **တပ်ဖွဲ့** ဆိုသည်မှာ ကောင်စီက တပ်ဖွဲ့စည်းမျဉ်းဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဆိုသည်။

(တ) **တပ်ဖွဲ့မှူးချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့၏ တပ်ဖွဲ့မှူးချုပ်ကို ဆိုသည်။

(ထ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ တပ်ဖွဲ့တွင်စေတနာလုပ်အားရှင်အဖြစ် ပါဝင်ဆောင် ရွက်နေသော တပ်ဖွဲ့ဝင် အသင်းသားများကို ဆိုသည်။

(i) Youth Red Cross means the memberships of the Myanmar Red Cross Society who has attained the age of 15 years and under 35 years of age.

(j) Junior Red Cross means the memberships of the Myanmar Red Cross Society who has attained the age of 10 years and under 15 years of age.

(k) Membership means the person recognized and accepted by the Executive Committee as membership of the Myanmar Red Cross Society.

(l) Honorary member means a person, who participates with the best effort in the social compassionate works of the Society, recognized by the Council for voluntary assistance whether materially or in cash.

(m) International Red Cross and Red Crescent Movement mean the cooperation of social compassionate works in accord with the fundamental principles of Red Cross, the Geneva Convention and the Additional Protocols, by forming of International Committee of the Red Cross, National Societies and the International Federation of Red Cross and Red Crescent Societies.

(n) Civil Society Organizations related to the Red Cross Movement means other local Civil Society Organizations which are same with all or part of the objectives of the Society.

(o) Brigade means the Myanmar Red Cross Brigade formed by the Council in accord with the regulations of Brigade.

(p) Chief of Brigade means the Chief of Brigade of the Myanmar Red Cross Brigade.

(q) Member of Brigade means the members of Brigade who participates and carries out as volunteer in the Brigade.

အခန်း(၂)

အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲ၊ အသင်းခွဲငယ်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ အလုပ်အမှုဆောင်အဖွဲ့သည် ကောင်စီ၏ သဘောတူညီချက်နှင့်အညီ အသင်း၊ ကြီးကြပ် မှုကော်မတီ၊ အသင်းခွဲနှင့်အသင်းခွဲငယ်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၄။ နိုင်ငံတစ်ဝန်းတွင် အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ဖြန့်ကျက် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ကို ပံ့ပိုးကူညီရန် အသင်းဌာနချုပ်ကို ဖွဲ့စည်းရမည်။

၅။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင်းခွဲ နှင့် အသင်းခွဲငယ်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(က) မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်တို့တွင် အသင်းခွဲများ၊

(ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာ ကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ်များ။

၆။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းခွဲနှင့် အသင်းခွဲငယ်များ၏ လုပ်ငန်းများကိုအဆင့်ဆင့်ကြီးကြပ်နိုင်ရန် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် တာဝန်ခံအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးရမည် –

(က) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်တို့တွင် ကြီးကြပ်မှုကော်မတီများ၊

(ခ) မြို့နယ်၊တက္ကသိုလ်နှင့်ကောလိပ်တို့တွင်အသင်းခွဲအမှုဆောင်အဖွဲ့များ၊

(ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ်တာဝန်ခံအဖွဲ့များ၊

၇။ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

Chapter (2)

Formation of Society, Supervisory Committee, Branch, Sub-branch, and their Duties and Powers

3. The Executive Committee shall, in accordance with the approval of the Council, supervise the activities of Society, Supervisory Committee, Branch, and sub-branch.

4. The Headquarter of Society shall be established to support the Executive Committee for spreading the social compassionate works of Society throughout the country.

5. To carry out activities of Society, the Executive Committee shall form branches and sub-branches as follows:

   (a) Branches for the Township, University, and College;

   (b) Sub-branches for the Town, Ward, Village-tract, School, Factory, and Worksite.

6. To supervise in sequence the activities of branch and sub-branches, the Executive Committee shall form and assign the Supervisory Committee, the Executive Board of Branch, and the Responsible Teams as follows:

   (a) Supervisory Committee for the Regions, the States, the Self-Administered Division, the Self-Administered Zones, and the Districts;

   (b) Executive Board of Branch for the Township, University, and College;

   (c) Responsible Teams of sub-branches for the Town, Ward, Village-tract, School, Factory, and Worksite.

7. Committee members at various levels of the Supervisory Committee shall be elected in accordance with the election regulations.

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာကြီးကြပ်မှု ကော်မတီ ၏ နာယကအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌကို ကြီးကြပ်မှုကော်မတီ၏ နာယက အဖြစ်လည်းကောင်း တင်မြှောက်နိုင်သည်။

၉။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှု ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး

(ခ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအဆင့် ဌာန ဆိုင်ရာ ကိုယ်စားလှယ် ငါးဦး -

(၁) ကျန်းမာရေးဦးစီးဌာနမှူး

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး

(၃) ပညာရေးမှူး

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကအရာထမ်းတစ်ဦး

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လူမှု အဖွဲ့အစည်းမှ ကိုယ်စားလှယ်နှစ်ဦး

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး

(၁) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ တပ်ဖွဲ့မှူး

(၂) ဒုတိယတိုင်းဒေသကြီး၊ပြည်နယ်၊ပြည်ထောင်စုနယ်မြေ တပ်ဖွဲ့မှူး

(င) လူငယ်ကြက်ခြေနီ တစ်ဦး

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ် တင်မြှောက်ရမည်။

8. The relevant Chief Minister of the Region or State may be named by the Region or State Supervisory Committee as the Chairman of the relevant Supervisory Committee and, the Chairman of Nay Pyi Taw Council may also be named by the Union Territorial Supervisory Committee as the Chairman of Supervisory Committee.

9. The Executive Committee shall form the Supervisory Committee of the Region, the State, and the Union Territory with the following persons:

(a) Five memberships representing the community;

(b) Five departmental representatives from the level of the Region, the State, and the Union Territory:

(1) Head of Department of Health Department;

(2) Head of Department of Social Welfare Department;

(3) Head of Education;

(4) Head of Department of Disaster Management Department;

(5) An officer from the General Administration Department.

(c) Two representatives from the Civil Society [Organization] at the level of the Region or the State related to the Red Cross movement;

(d) Two members of the Red Cross Brigade:

(1) Head of Brigade of the Region, the State, and Union Territory;

(2) Deputy Head of Brigade of the Region, the State, and the Union Territory.

(E) A youth Red Cross.

10. The Supervisory Committee of the Region or the State or the Union Territory shall, in accordance with the election regulations, elect the Chairman, Vice Chairman, and the Secretary from the Committee members.

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြီးကြပ်မှုကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ နာယက အဖြစ်လည်းကောင်း၊ ခရိုင် ကြီးကြပ်မှုကော်မတီများသည် ခရိုင်အုပ်ချုပ်ရေးမှူးကို သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ် လည်းကောင်း တင်မြှောက်နိုင်သည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး

(ခ) ခရိုင်အဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်ငါးဦး

(၁) ကျန်းမာရေးဦးစီးဌာနမှူး

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး

(၃) ပညာရေးမှူး

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအရာထမ်းတစ်ဦး

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် ခရိုင်အဆင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး

(၁) ခရိုင်တပ်ဖွဲ့မှူး

(၂) ဒုတိယခရိုင်တပ်ဖွဲ့မှူး

(c) လူငယ်ကြက်ခြေနီ တစ်ဦး

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ် တာဝန်ပေးအပ်ရမည်။

11. The Supervisory Committee of the Self-Administered Division or the Self-Administered Zones may name the chairmen of the Governing Bodies of the Self-Administered Division, the Self-Administered Zones as patrons of the relevant Supervisory Committees; and the District Supervisory Committees may also name the District Administrator as patron of the relevant Supervisory Committee.

12. The Executive Committee shall form the Supervisory Committees of the Self-Administered Division, the Self-Administered Zones and the Districts with the following persons:

(a) Five memberships representing the community;

(b) Five departmental representatives from the district level:

(1) Head of Department of Health Department;

(2) Head of Department of Social Welfare Department;

(3) Head of Education;

(4) Head of Department of Disaster Management Department;

(5) An officer from the General Administration Department.

(c) Two representatives from the Civil Society [Organization] at the district level related to the Red Cross movement;

(d) Two members of the Red Cross Brigade:

(1) Head of Brigade of the District;

(2) Deputy Head of Brigade of the District.

(E) A youth Red Cross.

13. The Supervisory Committee of the Self-Administered Division, Self-Administered Zone and the District shall, in accordance with the election rules, elect the Chairman, Vice Chairman, and the Secretary from the Committee members.

၁၄။ မြို့နယ်အသင်းခွဲ အမှုဆောင်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ မြို့နယ်အသင်းခွဲ၏ နာယကအဖြစ် တင်မြှောက်နိုင်သည်။

၁၅။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်အသင်းခွဲ အမှုဆောင်အဖွဲ့ကိုအောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် –

(က) ရပ်ရွာလူထု ကိုယ်စားပြုအသင်းသားငါးဦး

(ခ) မြို့နယ်အဆင့်ဌာနဆိုင်ရာကိုယ်စားလှယ်ငါးဦး

(၁) ကျန်းမာရေးဦးစီးဌာနမှူး

(၂) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး

(၃) ပညာရေးမှူး

(၄) မီးသတ်ဦးစီးဌာနမှူး

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းတစ်ဦး

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် မြို့နယ်အဆင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး

(၁) မြို့နယ်တပ်ဖွဲမှူး

(၂) ဒုတိယမြို့နယ်တပ်ဖွဲ့မှူး

(c) လူငယ်ကြက်ခြေနီ တစ်ဦး

၁၆။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မိမိတို့အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်း မျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၇။ တက္ကသိုလ် သို့မဟုတ် ကောလိပ် အသင်းခွဲများသည် ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်များကို သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ် အသင်းခွဲများ၏ နာယကအဖြစ် တင်မြှောက်နိုင်သည်။

၁၈။ အလုပ်အမှုဆောင်အဖွဲ့သည် တက္ကသိုလ်၊ ကောလိပ်အသင်းခွဲ အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–

14. The Executive Board of branch of township may name the Township Administrators as patron of the relevant branch of township.

15. The Executive Committee shall form the Executive Board of branch of township with the following persons:

(a) Five memberships representing the community;

(b) Five departmental representatives from the township level:

(1) Head of Department of Health Department;

(2) Head of Department of Social Welfare Department;

(3) Head of Education;

(4) Head of Department of Disaster Management Department;

(5) An officer from the General Administration Department.

(c) Two representatives from the Civil Society [Organization] at the township level related to the Red Cross movement;

(d) Two members of the Red Cross Brigade:

(1) Head of Brigade of the Township;

(2) Deputy Head of Brigade of the Township.

(e) A youth Red Cross.

16. The Executive Board of the branch shall, accordance with the election regulations, elect the Chairman, Vice Chairman and the Secretary from its members.

17. The Branches of University or College may name the Rectors or Principals as patron of branches of the relevant University and College.

18. The Executive Committee shall form the Executive Board of branch of University and College with 15 members as follows:

(က)	ပါမောက္ခဌာနမှူးတစ်ဦး	ဥက္ကဋ္ဌ
(ခ)	တွဲဖက်ပါမောက္ခတစ်ဦး	ဒုတိယဥက္ကဋ္ဌ
(ဂ)	ကထိက သို့မဟုတ် လက်ထောက်ကထိက နှစ်ဦး	အဖွဲ့ဝင်
(ဃ)	နည်းပြ ငါးဦး	အဖွဲ့ဝင်
(င)	ကျောင်းသား/ကျောင်းသူ ငါးဦး	အဖွဲ့ဝင်
(စ)	ကထိက တစ်ဦး	အတွင်းရေးမှူး

၁၉။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းခွဲငယ်များသည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ အသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၀။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က)	ရပ်မိရပ်ဖတစ်ဦး	ဥက္ကဋ္ဌ
(ခ)	ရပ်ရွာလူထုကိုယ်စားပြု အသင်းသားနှစ်ဦး	အဖွဲ့ဝင်
(ဂ)	ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် ရပ်ရွာလူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
(ဃ)	လူငယ်ကြက်ခြေနီ တစ်ဦး	အဖွဲ့ဝင်

၂၁။ အခြေခံပညာကျောင်း အသင်းခွဲငယ်များသည် ကျောင်းအုပ်များကို သက်ဆိုင်ရာ အသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် အခြေခံပညာကျောင်းအသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(က)	ဆရာ/ဆရာမတစ်ဦး	ဥက္ကဋ္ဌ
(ခ)	ဆရာ/ဆရာမ နှစ်ဦး	အဖွဲ့ဝင်
(ဂ)	ကျောင်းသား/ကျောင်းသူ လေးဦး	အဖွဲ့ဝင်

(a)	A Professor /head of department	Chairman
(b)	An Associate Professor	Vice Chairman
(c)	Two of lecturer or assistant lecturer	Member
(d)	Five tutors	Member
(e)	Five students	Member
(f)	A lecturer	Secretary

19. The sub-branches of Town, Ward, and Village-tract may name the Administrators of Town, Ward, and Village-tract as responsible personnel of the relevant sub-branches.

20. The Executive Committee shall form the Responsible Team of sub-branch for Town, Ward, and Village-tract as follows:

(a)	An elder of community	Chairman
(b)	Two memberships representing the community	Member
(c)	A representative of the Civil Society of community related to the Red Cross movement	Member
(d)	A youth Red Cross	Member

21. The sub-branches of Basic Education Schools may name the Principals as responsible personnel for the relevant sub-branches.

22. The Executive Committee shall form the Responsible Team of sub-branch of Basic Education School as follows:

(a)	A teacher	Chairman
(b)	Two teachers	Member
(c)	Four students	Member

၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် စက်ရုံ၊အလုပ်ဌာန အသင်းခွဲငယ်များကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင် အဖွဲ့နှင့် အသင်းခွဲငယ် တာဝန်ခံအဖွဲ့တို့၏ ဖွဲ့စည်းပုံနှင့် ပါဝင်သည့် ဦးရေကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၂၅။ ကြီးကြပ်မှုကော်မတီ၊ အမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ် တာဝန်ခံအဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး မျှတစွာ ထည့်သွင်း ဖွဲ့စည်းရမည်။

၂၆။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများကို အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ အသင်းခွဲအမှုဆောင် အဖွဲ့များကို ကြီးကြပ်ရမည်။

၂၈။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံ ပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်တာဝန်ခံအဖွဲ့များကို အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၉။ တက္ကသိုလ်၊ ကောလိပ် အသင်းခွဲများသည် သက်ဆိုင်ရာ မြို့နယ်အသင်းခွဲများနှင့် လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။

၃၀။ အလုပ်အမှုဆောင်အဖွဲ့၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ အသင်းခွဲနှင့် အသင်းခွဲငယ်များကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ။

23. The Executive Committee may form and assign the sub-branches of Factory, and worksite.

24. The Executive Committee may change and allocate the formation and number of members of the Supervisory Committee, the Executive Board of branch, and the Responsible Team of sub-branch.

25. In forming the Supervisory Committee, the Executive Board and the Responsible Teams of sub-branches, men and women shall be incorporated fairly.

26. The Supervisory Committee of the Region, the State, and the Union Territory shall, in accordance with the guidelines of the Executive Committee, supervise the Supervisory Committee of the Self-Administered Division, the Self-Administered Zones and the Districts.

27. The Supervisory Committee of the Self-Administered Division, the Self-Administered Zones and the Districts shall, in accordance with the guidelines of the Executive Committee, supervise the Executive Boards of the relevant branches.

28. The Executive Board of branch shall, in accordance with the guidelines of the Executive Committee, supervise the Responsible Teams of sub-branches for Town, Ward, Village-tract, School, Factory, and Worksite.

29. The Branches of University and College shall cooperate and coordinate with the branches of the relevant township for the social compassionate works.

30. No formation, reorganization, or abolition shall be made unless the direction or permission of the Executive Committee.

အခန်း (၃)

အသင်းသားအဖြစ် လျောက်ထားခြင်း၊ လက်ခံခြင်း၊ ငြင်းပယ်ခြင်းနှင့် ထုတ်ပယ်ခြင်း

၃၁။ အသင်းတွင် အောက်ပါ အသင်းသားအမျိုးအစားများဖြင့် ပါဝင်ဖွဲ့စည်းထားသည် -

(က) သာမန်အသင်းသား

(ခ) တပ်ဖွဲ့ဝင်အသင်းသား

(ဂ) ရာသက်ပန်အသင်းသား

၃၂။ အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်မှု၊ ဘာသာစကား၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအယူဝါဒတို့ကို ခွဲခြားမှုမရှိဘဲ အလုပ်အမှုဆောင်အဖွဲ့၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသူတိုင်း အသင်းသားအဖြစ် လျောက်ထားနိုင်သည်။

၃၃။ နည်းဥပဒေ ၃၂ အရ လျှောက်ထားလာမှုကို အလုပ်အမှုဆောင်အဖွဲ့က စိစစ်၍ အသင်းသားအဖြစ် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၄။ (က) နည်းဥပဒေ ၃၃ အရ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ် မှု မရှိပါက ကောင်စီသို့ တင်ပြနိုင်သည်။

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၃၅။ ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းပါ သတ်မှတ်ချက် အရည်အချင်းနှင့် ကိုက်ညီသော အသင်းသားတိုင်းသည် အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တွင် မဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၃၆။ အသင်း၏ ဝန်ထမ်းသည် မည်သည့်အသင်းသား အမျိုးအစားတွင် မဆို ပါဝင်နိုင်ပြီး အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တွင် အဆိုပြု ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ရွေးချယ်ခံရပါက ဝန်ထမ်းအဖြစ်မှ နှုတ်ထွက်ရမည်။

Chapter 3

Application, Acceptance, Refusal and dismissal of Membership

31. The Society consists of the following types of membership:

(a) Ordinary membership;

(b) Brigade membership;

(c) Lifetime membership.

32. Every person who meets the requirements of the Executive Committee may apply for membership without distinction of gender, race, colour, religion, faith, language, status or political ideology.

33. The application under Rule 32 is scrutinized by the Executive Committee and then acceptance or refusal of membership may be made.

34 (a) The Council may be submitted if the decision of the Executive Committee under Rule 33 is dissatisfied.

(b) The Council may make affirmation or set-aside the decision of the Executive Committee. The decision of Council is conclusive.

35. Every membership who meets the qualifications of election regulations has right to vote and to be elected for the Society, the Supervisory Committee, the Branch, and the Sub-branch.

36. The Staff of Society may include in any type of membership and has right to be nominated and elected for the Society, the Supervisory Committee, the Branch, and the Sub-branch. If elected, resignation from staff shall be made.

၃၇။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းသားတစ်ဦးဦးကို အောက်ပါ အကြောင်း အရာ တစ်ရပ်ရပ်နှင့် ငြိစွန်းပါက အသင်းမှ ထုတ်ပယ်နိုင်သည်-

(က) ကြက်ခြေနီအခြေခံမူ(၇)ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) အသင်း၏ ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်အောင် ပြုမူခြင်း၊

(ဂ) အသင်းပိုင် ငွေနှင့် ပစ္စည်းများကို အလွဲသုံးစား ပြုခြင်း၊

(ဃ) အသင်း၏ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒနှင့် တပ်ဖွဲ့စည်းမျဉ်းများ ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်း၊

(င) အသင်းအတွင်း ရည်ရွယ်ချက်ဖြင့် စည်းရုံးမှု ပြိုကွဲအောင် ပြုမူ ဆောင်ရွက်ခြင်း၊

(စ) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာ တရားရုံး၏ ပြစ်မှု ထင်ရှား စီရင်ခံရခြင်း။

၃၈။ (က) အသင်းသားတစ်ဦးဦးသည် အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ကောင်စီသို့ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင် ရောက်နိုင်သည်။

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၃၉။ အသင်းသားအားလုံးနှင့်စေတနာလုပ်အားရှင်များသည်စေတနာအလျောက် လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရန် စေတနာလုပ်အားရှင် မှတ်ပုံတင် ၍ အသင်း၏ စေတနာလုပ်အားရှင် မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေးများကို ရပိုင်ခွင့် ရှိရမည်။

၄၀။ လူငယ်ကြက်ခြေနီများသည် အသင်း၏ လူငယ်မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေးများကို ရပိုင်ခွင့်ရှိရမည်။

၄၁။ အသင်းသည် အငယ်တန်းကြက်ခြေနီများကို အနာဂတ် လူငယ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် သင်ကြားပျိုးထောင်ပေးရမည်။

37. The Executive Committee may dismiss any membership who implicates with any of the following reasons:

(a) Failure to comply with the seven fundamental principles of the Red Cross;

(b) Behaving to impinge the dignity and development of the Society;

(c) Misappropriation of money and asset of the Society;

(d) Violation of Law, Rules, and Principles of the Society and Regulations and Directives of Brigade;

(e) Behaving and performing with intention to disunite in the Society;

(f) Having been convicted by the Court concerned for having committed an offence.

38. (a) If any membership is dissatisfied with the dismissal from membership, the Council may be appealed within 30 days.

(b) The Council may make affirmation or set-aside the decision of the Executive Committee. The decision of Council is conclusive.

39. All memberships and volunteers, in accordance with the volunteer policy of Society and volunteer registration, shall have the right to get opportunities and exercise to carry out voluntarily social compassionate works.

40. Youth Red Cross shall have the right to exercise in accordance with the youth policy of Society and shall have the right to get opportunities.

41. The Society shall nurture the Junior Red Cross to become good young leaders in the future.

အခန်း(၄)

မြန်မာနိုင်ငံကြက်ခြေနီညီလာခံကျင်းပခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း

၄၂။ ညီလာခံကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ ညီလာခံတက်ခွင့်ရှိသူ၏ ထက်ဝက်ကျော် တက်ရောက်ပါက ညီလာခံ အထမြောက်စေရမည်။

၄၃။ ညီလာခံတွင် ကောင်စီကို ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၄၄။ ကောင်စီ၏သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် တဆက်တည်း ကောင်စီသက်တမ်း နှစ်ကြိမ် ဆောင်ရွက်နိုင်သည်။

၄၅။ ညီလာခံသို့ တက်ရောက် မဲပေးပိုင်ခွင့်ရှိသူများ၏ ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော်လျှင် ဆုံးဖြတ်ချက်များ အတည်ဖြစ်သည်။

အခန်း(၅)

ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄၆။ ကောင်စီသည် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည် ဖော်ရန် အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ညီလာခံကျင်းပရန် ရက်သတ်မှတ်ခြင်း၊

(ခ) ကောင်စီအစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေး အထမြောက်ကြောင်း ကြေငြာခြင်း၊

Chapter 4

Convening (Holding) the Assembly of Myanmar Red Cross and Election of Executive Committee

42. The Assembly shall be convened once in three years. The Assembly shall be valid if more than half of the total persons, who have the right to attend the assembly, are present.

43. The Council shall be formed at the Assembly. Such council, in accordance with the election regulations, shall elect 11 members of the Executive Committee from among the members of the Council.

44. The term of the Council is three years. The Chairman of the Executive Committee may serve two consecutive terms of the Council.

45. Decisions are approved if more than half of the affirmative votes cast at the Assembly.

Chapter (5)

Duties and Powers of the Council

46. The Council may, in order to implement the duties and powers under the law, carry out the followings:

(a) Fixing the date to convene the Assembly.

(b) Announcing the validity of meeting if more than half of the total numbers, who have the right to attend the meeting of the Council, are present.

(ဂ) ကောင်စီအစည်းအဝေးသို့ တက်ရောက်သည့် ကောင်စီဝင်များ၏ များရာဆန္ဒမဲဖြင့် သဘောတူညီချက်များ ၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်း၊

(ဃ) ကောင်စီဝင် နှုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းတို့ကို ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ) အရ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင် လစ်လပ်နေရာအတွက် အစားထိုး ခန့်အပ်ခြင်းကို မူလရွေးကောက်ပွဲတွင် အစဉ်အလိုက် မဲအများဆုံး ရရှိသူ ကို ခန့်အပ်ခြင်းနှင့် ဥပဒေပုဒ်မ ၁၈ ၊ ပုဒ်မခွဲ(ဂ)၊ (ဇ)နှင့်(စအရ ရွေးချယ်ထားသည့် ကောင်စီဝင်လစ်လပ်နေရာအတွက် အစားထိုး ခန့်အပ်ခြင်းကို အစိုးရ အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်မှုကော်မတီက အဆိုပြုသူကို ခန့်အပ်ခြင်း။

(စ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ်အသိအမှတ်ပြုရန် လိုအပ်သည့် အရည်အချင်းများကို သတ်မှတ်ခြင်း၊

၄၇။ ကောင်စီဝင်များသည်-

(က) အသင်းသားနှင့် ရန်ပုံငွေမြှင့်တင်ရေး လှုပ်ရှားမှုများတွင် လိုအပ်သော နည်းပညာနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

(ခ) အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် လိုအပ်သော နည်းပညာ၊ အကူအညီများ ပံ့ပိုးခြင်းနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးရမည်။

(ဂ) နည်းပညာနှင့် အကူအညီများကို မိမိတို့ဌာန သို့မဟုတ် အသင်းအဖွဲ့ မူဘောင် အတွင်းမှ ပံ့ပိုးကူညီပေးရမည်။

(ဃ) အသင်း၏ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းများ ရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ရမည်။

(c) Deciding or approving the agreements and determinations of the meeting by a majority vote of the council members who are present at the meeting of the Council.

(d) Undertaking the refusal and dismissal of the council member under decision of the Council.

(e) Appointing the person, who obtains the highest votes in the original election, as substitution for the vacant of council member elected under sub-section (a), (b), (d) of Section 18 of the Law and appointing the person nominated by the Supervisory Committee, or relevant Ministry, or Government Organization as substitution for the vacant of council member elected under sub-section (c), (e), (f) of Section 18 of the Law.

(f) Specifying the necessary qualifications to recognize as an honorary member.

47. The council members shall:

(a) give the necessary technical and assistance in the activities of raising fund and of membership;

(b) coordinate and assist the necessary technical to success the Red Cross social compassionate works and the development of Society;

(c) support technical and assistance within the framework of the department or organization;

(d) tender the necessary advice and discuss in drafting, substituting, amending the law, rules, policies, and regulations of Society.

၄၈။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများရှိ ကောင်စီဝင်များသည်-

(က) ကြက်ခြေနီညီလာခံ ဆုံးဖြတ်ချက်များ၊ ကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်များ၊ ကြက်ခြေနီဆိုင်ရာ အသိပညာများနှင့် မူဝါဒများကို မိမိတို့ဒေသအတွင်းရှိ အသင်းသားများကို မျှဝေ၍ ဆွေးနွေး အကြံပြုချက်များ ရယူရမည်။

(ခ) အသင်းသားများ၏ အကြံပြုချက်၊ တင်ပြချက်နှင့် နစ်နာချက်များကို ကောင်စီ အစည်းအဝေးတွင် တင်ပြရမည်။

(ဂ) ကြီးကြပ်မှုကော်မတီများနှင့် အသင်းခွဲ အမှုဆောင်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ခက်ခဲမှု မရှိစေရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ အစိုးဌာနအဖွဲ့အစည်းများနှင့် ကြက်ခြေနီ လှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ရမည်။

(ဃ) တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ကောင်စီဝင်များသည် တပ်ဖွဲ့အုပ်ချုပ်ရေး၊ စည်းကမ်းသေဝပ်ရေး၊ လေ့ကျင့်ရေးနှင့်၊ ထောက်ပံ့ရေးစသည့် တပ်ဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို ကောင်စီအစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တပ်ဖွဲ့မှူးများကို လိုအပ်သော နည်းပညာများ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ရမည်။

၄၉။ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့်ကောင်စီဝင်များသည်-

(က) မိမိတို့ ဝန်ကြီးဌာနနှင့် ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများကို ကောင်စီဝင်များသို့ မျှဝေခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

(ခ) ကြက်ခြေနီဆိုင်ရာ အသိပညာများနှင့် မူဝါဒများကို မိမိတို့ ဝန်ကြီးဌာနများတွင် ပြန်လည်မျှဝေခြင်းနှင့် ဆွေးနွေးအကြံပြုချက်များ ရယူရမည်။

(ဂ) ဝန်ကြီးဌာနများရှိ အမျိုးသားအဆင့် စီမံကိန်းများ၏ လူမှုကရုဏာဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အသင်းက ကူညီဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းချိတ်ဆက်ပေးရမည်။

48. The council members of the Region, the State and the Union Territory shall:

(a) seek discussion and advice in sharing the decisions of the Red Cross Assembly, the decisions of the council meeting, the knowledge and policies as to the Red Cross, to memberships in their regions;

(b) present the advice, submission, and grievances of memberships at the council meeting;

(c) carry out tendering necessary advice not to be difficult in undertaking the functions of the Supervisory Committees and Executive Boards; and communications among the Government, the Region Government, the State Government, Government Departments and Civil Society Organizations related to the Red Cross movement;

(d) carry out the submission and discussion of the matters relating to the Bridge, such as administration of bridge, perfect discipline, training and supporting, advising and assisting the necessary technical to the relevant Heads of Bridge.

49. The council members of the Ministries shall:

(a) carry out tendering advice and sharing the law, rules and policies related to their respective Ministries to the council members;

(b) seek discussion and advice, and sharing knowledge and policies related to the Red Cross in their respective Ministries;

(c) coordinate and communicate for cooperation of the identified sectors which may be assisted by the Society in the fields of the social compassionate works of national level projects in the Ministries.

၅၀။ ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများရှိ ကောင်စီဝင်များသည် -

(က) ညီလာခံနှင့်ကောင်စီတို့၏ ဆုံးဖြတ်ချက်များ၊ အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုများကို မိမိတို့ လူမှုအဖွဲ့အစည်းများ၊ ဆက်စပ်သည့် လူမှုအဖွဲ့အစည်း ကွန်ယက်များအကြား ပြန်လည်မျှဝေခြင်းနှင့် ဆွေးနွေးအကြံပြုချက်များ ရယူရမည်။

(ခ) ကြက်ခြေနီလူမှုကရုဏာ အသိပညာပြန့်ပွားရေးနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ရပ်ရွာလူထုအကြား စည်းရုံးဆောင်ရွက်ရမည်။

အခန်း(၆)

အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင် အထည်ဖော်ရန် အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲ၍ အတည်ပြု ဆုံးဖြတ်နိုင်ရန် ကောင်စီသို့ တင်ပြ ရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ်ကျင်းပရမည်။ အဖွဲ့ဝင်ခုနှစ်ဦးတက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ လိုအပ်ပါက အထူး အစည်းအဝေး ကျင်းပနိုင်သည်။ အဖွဲ့ဝင် ငါးဦးတက်ရောက်ပါက အထူး အစည်းအဝေးအထမြောက်သည်။ သတ်မှတ်ထားသော အဖွဲ့ဝင် ဦးရေ ပြည့်မီခြင်းမရှိ၍ အစည်းအဝေးအထမမြောက်ပါကအစည်းအဝေး ပြန်လည်ကျင်းပမည့်ရက်ကို သတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉ နှင့်၂၁ တို့အရ သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် အသင်းခွဲများက တင်မြှောက်သည့် နာယကများကိုလည်းကောင်း၊ အသင်းခွဲငယ်များက တင်မြောက်သည့် တာဝန်ခံ များကို လည်းကောင်း အတည်ပြုနိုင်သည်။

50. The council members of the Civil Society Organizations related to the Red Cross movement shall:

(a) seek discussion and advice, and sharing the decisions of the Assembly and of the Council, the administrations of Executive Committee to the relevant Civil Society Networks and their Civil Society Organizations;

(b) organize among community for the dissemination of knowledge of Red Cross social compassionate, and for cooperation of works.

Chapter (6)

Duties and Powers of the Executive Committee

51. The Executive Committee may, in order to implement the duties and powers under the law, carry out the followings:

(a) The Council shall be submitted to decide and approve the drafted formation of staff of the Society;

(b) The Executive Committee meeting shall be convened at least once in three months. The meeting shall be valid if seven members are present. The special meeting may be convened if necessary. The special meeting shall be valid if five members are present. The meeting, if invalid, due to the incomplete of the designated members, the date of resumption of meeting shall be fixed;

(c) The patrons elected by Branches and by the relevant Supervisory Committee under rule 8, 11, 14 17, 19 and 21, and the persons–in-charge elected by sub-branches may be approved.

၅၂။ အထွေထွေအတွင်းရေးမှူးသည် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့တို့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အသင်းပိုင်ငွေ၊ ပစ္စည်းများနှင့် စပ်လျဉ်းသည့် အရင်းအမြစ်များ တိုးပွားရေးအတွက် ဆောင်ရွက်ခြင်းနှင့် သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျရှိ စေရေး စီမံခန့်ခွဲခြင်း၊

(ဂ) သတ်မှတ်ထားသော ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်း စည်းမျဉ်းနှင့် အညီ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ အရေးယူခြင်း၊

(ဃ) ပြည်တွင်းပြည်ပ အစည်းအဝေးများ တက်ရောက်ခြင်း၊ ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း၊ အစည်းအဝေးများ၊ အခမ်းအနားများ ကျင်းပရန်စီစဉ်ပေးခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ မိတ်ဖက် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာန ဆိုင်ရာများ၊ တရားရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အသင်း၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းနှင့် ငွေကြေးကိစ္စရပ်များအတွက် အသင်း၏တရားဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(စ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပဋိညာဉ် စာချုပ် ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) ကြီးကြပ်မှုကော်မတီများ၊ အသင်းခွဲအမှုဆောင်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

52. The Secretary-General shall, with the approval of the Executive Committee, carry out the following functions:

(a) Implementation of decisions of the Assembly, the Council and the Executive Committee;

(b) Performing to improve the sources with regard to money and asset of the Society and managing to be systematic in accord with the financial regulations in utilizing;

(c) Appointment of staff and tacking action in accord with staff regulations and the prescribed staff formation;

(d) Attending local and abroad meetings, welcoming guests, arranging to convene meetings and ceremonies;

(e) Acting as the legal representative of the Society for administrative matters of the Society, making the contract, and financial matters in communication with the local and abroad Organizations, Red Cross and Red Crescent partners, International Organizations, Government Departments, and the Courts.

(f) Undertaking to be able to make contract relating to leases and receiving of movable property, and immovable property;

(g) Communication with the Supervisory Committees, the Executive Boards of Branches.

၅၃။ အထွေထွေအတွင်းရေးမှူးသည် အောက်ပါလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်-

(က) အသင်း၏မဟာဗျူဟာစီမံကိန်းများရေးဆွဲနိုင်ရန်ဆောင်ရွက်ခြင်း၊

(ခ) နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အစီရင်ခံစာများ ပြုစုတင်ပြခြင်း၊

(ဃ) နှစ်စဉ် အရ အသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ဘဏ္ဍာရေး အစီရင်ခံစာများ ရေးဆွဲတင်ပြခြင်း၊

(င) ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) ကြက်ခြေနီညီလာခံကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဆ) ကောင်စီ အစည်းအဝေး ကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဇ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြခြင်း၊

(ည) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်များကို မှတ်တမ်းတင်ခြင်း၊

(ဋ) အရေးပေါ်ကိစ္စများ၊ ထူးခြားဖြစ်စဉ် ကိစ္စရပ်များအတွက် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သင့်လျော်သော အစီအမံများ ဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်ချက်ကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း။

(ဌ) ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

53. The General Secretary shall be responsible for the following functions:

(a) Undertaking to draft the strategic plans of the Society;

(b) Drawing up and implementation annual task programme;

(c) Compiling and submission of reports;

(d) Drafting and submission of annual budget and financial reports;

(e) Supervising and directing the staff management functions;

(f) Arranging to be able to convene the Red Cross Assembly;

(g) Arranging to be able to convene (hold) the Council meeting;

(h) Arranging and undertaking to be able to convene (hold) the Executive Committee meetings;

(i) Submission the report of the Executive Committee at the Assembly, the Council, and the meetings of the Executive Committee;

(j) Documentation the approvals and decisions of meetings at the Assembly, the Council, and the Executive Committee;

(k) Undertaking appropriate arrangements, with the permission of the Chairman, for emergency matters and for extraordinary events. Submission such undertaking to the Executive Committee;

(l) Performing duties assigned by the Council and the Executive Committee from time to time.

အခန်း(၇)

တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၅၄။ ကောင်စီသည် -

(က) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) တပ်ဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ရန် ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁)	တပ်ဖွဲ့မှူးချုပ်	ဥက္ကဋ္ဌ
(၂)	ဒုတိယတပ်ဖွဲ့မှူးချုပ်	ဒုတိယဥက္ကဋ္ဌ
(၃)	အမျိုးသမီးအရာရှိချုပ်	အဖွဲ့ဝင်
(၄)	နည်းပြမှူးချုပ်	အဖွဲ့ဝင်
(၅)	ဆေးမှူးချုပ်	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီး၊ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူးများ	အဖွဲ့ဝင်
(၇)	ဗဟိုဦးစီးမှူးချုပ်	အတွင်းရေးမှူး
(၈)	ဗဟိုဦးစီးမှူး	တွဲဖက်အတွင်းရေးမှူး

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်များတွင် တပ်ဖွဲ့များကို တပ်ဖွဲ့စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းနိုင်သည်။

(ဃ) ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၅၅။ (က) ကောင်စီသည် တပ်ဖွဲ့မှူးချုပ်အဖြစ် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးကို လည်းကောင်း၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်အဖြစ် ကောင်စီဝင် တစ်ဦးစီကို လည်းကောင်း ခန့်အပ်ရမည်။

(ခ) တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်တို့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်းဖြစ်သည်။

၅၆။ ကောင်စီသည် တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၅၇။ ကောင်စီ၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက် မရရှိဘဲ တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ

Chapter 7

Formation of Brigade and Designation

54. The Council:

(a) The Myanmar Red Cross Brigade shall be formed.

(b) To supervise the brigade, the Central Administrative Body shall be formed as follows:

(1)	Chief of Brigade	Chairman
(2)	Deputy Chief of Brigade	Vice Chairman
(3)	Head of Female Officer	Member
(4)	Head Coach	Member
(5)	Chief Medical Officer	Member
(6)	Commanders of the Region, the State, the Union Territory	Member
(7)	Head of Central Commander	Secretary
(8)	Central Commander	Associate Secretary

(c) The Brigades may, in accordance with the regulations of the Brigade, be formed for the Regions, the States, and the Union Territory, the Self-Administered Division, the Self-Administered Zones, the Districts and Townships.

(d) The duties and powers of the Central Administrative Body shall be specified.

55. (a) The Council shall appoint a full-time member of the Executive Committee as Chief of Brigade, and shall appoint each member of the Council as Deputy Chief of Brigade and Head of Central Commander.

(b) The term of Chief of Brigade, Deputy Chief of Brigade and Head of Central Commander is the same as that of the Council.

56. The Council shall specify the duties and powers of Chief of Brigade, Deputy Chief of Brigade, and Head of Central Commander.

57. No reorganization or abolition of Brigade is made unless direction or permission of the Council.

အခန်း(၈)

အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၅၈။ အသင်းသည် ယင်းနှင့်အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် လည်းကောင်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် လိုအပ်သော ငွေကြေး၊ ပစ္စည်းအကူအညီများ၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ လက်ခံခြင်း၊ ပေးအပ်ခြင်းများကို ပြုလုပ်နိုင်သည်။

၅၉။ အသင်းသည် အသင်းဖွဲ့စည်းတည်ထောင်ရာတွင် ဖြစ်စေ၊ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီ လိုအပ်ပါက အစိုးရအဖွဲ့ထံတင်ပြတောင်းခံနိုင်သည်။

၆၀။ အသင်းသည် ငြိမ်းချမ်းသောအခြေအနေ၊ ပဋိပက္ခအခြေအနေ၊ သဘာဝသို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်ကျရောက်သည့် အခြေအနေစသည့် မည်သည့်အခြေအနေတွင် မဆို၊ မည်သည့် နေရာဒေသတွင်မဆို သက်ဆိုင်ရာ အာဏာပိုင် ထံသို့ အကြောင်းကြား၍ လူမှုကရုဏာလုပ်ငန်းများ သွားရောက် ဆောင်ရွက်နိုင်သည်။

Chapter (8)

Communication with other Organizations

58. The Society may communicate and cooperate with the Red Cross and Red Crescent Societies, International Organizations, and local Organizations which have the same interest and same objective with the Society. In order to do so, receiving and contribution of money and asset assistances, knowledge, skills, technical and professional assistances, may be made.

59. The Society may, whether in formation of the Society or in implementation of social compassionate works, submit and ask to the Government if it is necessary to get help from Government Departments and Government Organizations.

60. The Society may go and carry out the social compassionate works in any situation or at any place, such as the peaceful situation, conflict situation, natural or man-made disasters situation, by informing to the relevant authority.

အခန်း(၉)

ဘဏ္ဍာရေး

၆၁။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ကောင်စီက အတည်ပြုပြီးသော ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာရေးကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) အသင်း၏ လုပ်ငန်းအတွက် နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲ၍၊ ဘဏ္ဍာရေးနှစ် မတိုင်မီ ကောင်စီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဂ) ကောင်စီက အတည်ပြုပြီးသော အရအသုံးခန့်မှန်းခြေ ငွေစာရင်း အရ ငွေများကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ သုံးစွဲခွင့်၊ ပြင်ဆင်ခွင့်နှင့် ငွေစာရင်း ခေါင်းစဉ် ပြောင်းလဲသုံးစွဲခွင့် ရှိသည်။

(ဃ) ပြည်တွင်းပြည်ပ အစိုးရအဖွဲ့များ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှ ဖြစ်စေ၊ တစ်ဦးချင်းထံမှ ဖြစ်စေ ထောက်ပံ့ငွေနှင့် အကူအညီများကို လက်ခံနိုင်သည်။ ယင်းထောက်ပံ့ငွေနှင့် အကူအညီများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရမည်။

၆၂။ အသင်း၏ ဘဏ္ဍာရေးနှစ်သည် မိတ်ဖက်ကြက်ခြေနီ လခြမ်းနီအသင်းအများစု၏ ဘဏ္ဍာရေးနှစ်အတိုင်း ပြက္ခဒိန်နှစ် (Calendar year) ဖြစ်သည်။

၆၃။ အသင်းသည် အသင်းသားများ၊ စေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ လူမှုကရုဏာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်သည့် ကုန်ကျစရိတ်များကို ရရှိစေရန် ဆောင်ရွက်ပေးရမည်။

၆၄။ အသင်းသည် ယင်း၏ ဝန်ထမ်းများ စွမ်းဆောင်ရည်နှင့် လုပ်သက်ပေါ်မူတည်၍ လစာနှင့် ချီးမြှင့်ငွေ ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၆၅။ အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စများနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်း စစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ် စာရင်း စစ်ဆေးခြင်းကို ခံယူရမည်။

Chapter (9)

Finance

61. The Executive Committee shall:

(a) supervise the financial matters in accordance with the financial regulations already approved by the Council;

(b) draft the annual budget for the functions of the Society and then obtain approval by submitting to the Council before the financial year;

(c) have the right to use, the right to amend, and the right to change the title of the account, in accordance with the financial regulations, relating to the money form the budget already approved by the Council;

(d) use, in accord with the financial regulations and directives, such contribution of money and assistance which may be received whether from local and foreign Government Organizations, or Private, or Organizations, or Individual.

62. The financial year of the Society is the calendar year as the financial year of most of the Red Cross Red Crescent Societies.

63. The Society shall carry out to provide the reasonable costs to memberships, volunteers and staff in undertaking the social compassionate works.

64. The Society shall arrange and carry out to provide emolument and allowance to its staffs based on their ability and length of service.

65. The Society, Supervisory Committee, Branches and Sub-branches shall be annually audited for assets owned by the Society, fund, financial matters and work activities in accord with the stipulated financial regulations and work inspection regulations.

အခန်း(၁၀)

အထွေထွေ

၆၆။ အသင်းက ချုပ်ဆိုမည့် ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် ပဋိညာဉ် စာချုပ်ကို အသင်းကိုယ်စား အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက် ဖြင့် ဥက္ကဋ္ဌကဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ပေးအပ်ခြင်း ခံရသူ တစ်ဦးဦးကဖြစ်စေ လက်မှတ်ရေးထိုးချုပ်ဆိုရမည်။ ယင်းပဋိညာဉ် စာချုပ် ပေါ်တွင် အသင်းတံဆိပ် ခပ်နှိပ်ရမည်။

၆၇။ အသင်း၏လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသူတိုင်းသည် ကြက်ခြေနီ အခြေခံမူများ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာရမည်။

၆၈။ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း နည်းဥပဒေများကို ဤနည်း ဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

Chapter (10)

General

66. The contract relating to receiving and leasing the movable property and immoveable property which will be made by the Society shall be signed and concluded by the chairman, with approval of the Executive Committee, on behalf of the Society or by one of the persons assigned by the Executive Committee. The official seal shall be stamped on such contract.

67. Everyone participated and performed in the activities of Society shall respect and abide to the fundamental principles of the Red Cross, existing laws, rules and regulationsof the Union.

68. The Myanmar Red Cross Society Rules, 1962 are hereby repealed by these rules.

Dr. Myint Htwe
Union Minister
Ministry of Health and Sports